အနှစ်ချုပ်



# သိရှိနားလည်ထားမှု အခြေအနေ “မဲခေါင်ဒေသရှိ အမျိုးသမီးများ နှင့် မြစ်များ”

**အမျိုးသမီးများသည် တီထွင်ဆန်းသစ်သောခြေလှမ်းများဖြင့် ၎င်းတို့၏ အသံ၊ သဘောထားအမြင်များ၊ လွှမ်းမိုးနိုင်မှု နှင့် ဦးဆောင်မှုစွမ်းရည်များအတွက် အားထုတ်နေကြပါသည်။ ဤခိုင်မာသော အထောက် အထားများသည် အမျိုးသမီးများ အင်အားရှိကြောင်းကို သက်သေပြနေပြီး ၎င်းတို့သည် ဒေသတွင်း ပိုမိုကောင်းမွန်သော မြစ်စီမံအုပ်ချုပ်မှုဖော်ဆောင်နိုင်ရန် အတူတကွ ပူးပေါင်းတွဲဖက်လုပ်ဆောင်နိုင်သည်။**

ဌာနေတိုင်းရင်းသူ အမျိုးသမီးတစ်ဦးအား ကမ္ဘောဒီးယား နိုင်ငံ ရာတာနာခီရိခရိုင်ရှိ ဆီဆန်မြစ်ပေါ်တွင် တွေ့ရစဉ်။ ဓာတ်ပုံ – Oxfam

## မိတ်ဆက်

သိရှိနားလည်ထားမှု အခြေအနေ–“မဲခေါင်ဒေသရှိ အမျိုးသမီးများ နှင့် မြစ်များ” အစီရင်ခံစာ သည် မဲခေါင်ဒေသရှိ မြစ်များတွင် အမှန်တကယ်ဖြစ်ပေါ်နေသော လူမှုပတ်ဝန်းကျင် နှင့် သဘာဝပတ်ဝန်းကျင် အကျိုးရလဒ်များ နှင့် ဖြစ်လာနိုင်ချေရှိသော ဆက်စပ်အကြောင်းအရာများကို အမျိုးသမီးများ မျှဝေ ထားသော အတွေ့အကြုံများကို မီးမောင်းထိုး ဖော်ပြပြီး ပိုမိုကောင်းမွန်သော စီမံအုပ်ချုပ်မှု ရရှိဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။ဤအစီရင်ခံစာသည် အမျိုးသမီးများ၏ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းစီမံ အုပ်ချုပ်မှုတို့တွင် အောင်မြင်စွာ ပါဝင်ဆုံးဖြတ်နိုင်ခဲ့ခြင်းများအပြင် ၎င်းတို့၏ ခေါင်းဆောင်မှုစွမ်းရည်နှင့် ထင်သာမြင်သာရှိရှိ ပါဝင်နိုင်စွမ်းများကို အတားအဆီးဖြစ်စေသော

အဓိကအကြောင်းရင်းများကိုလည်း ဖော်ပြထားပါသည်။ဤအစီရင်ခံစာတွင် မဲခေါင်ခြောက်နိုင်ငံမှ အမျိုးသမီးများ၏ မြစ်များနှင့် ရေအရင်းအမြစ်များ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ကဏ္ဍများတွင် မညီမျှခြင်းများကိုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများနှင့် ၎င်းတို့ကိုယ်တိုင် ကျင့်သုံးခဲ့သော အလေ့အထကောင်းများနှင့် သာဓကများဖော်ပြပါရှိသည်။ မဲခေါင်မြစ်ဝှမ်းရှိ မြစ်ကြောင်းထိန်းသိမ်းရေးတွင် အမျိုးသမီးများ၏ ဦးဆောင်လွှမ်းမိုးနိုင်မှုသည် ၎င်းတို့ကိုယ်တိုင်နှင့် မြစ်များကို မှီတင်းနေထိုင်ကြရသော လူထုအတွက် အကျိုးများစေသည်ဟု ယူဆပါသည်။

## နယ်ပယ်

ဤအစီရင်ခံစာကို သုသေတနလေ့လာတွေ့ရှိမှု စာတမ်းများအပေါ်လေ့လာသုံးသပ်ချက်နှင့် ဒေသတွင်းအဓိကပါဝင်ပတ်သက်သော အစုအဖွဲ့များနှင့် အမျိုးသမီးများ၏ဖြစ်တည်နေသော အဆင့်အတန်းနှင့်ပတ်သတ်ပြီး အင်တာဗျူး ၂၅ ခုပြုလုပ်ပြီး ရရှိလာသောအဖြေများကို သုံးသပ်ပေါင်းစပ်ပြီး မှတ်တမ်းတင်ပြုစုထားသည်။ဤအစီရင်ခံစာတွင် အမျိုးသမီးများ၏ ဒေသတွင်း အသင်းအဖွဲ့များနှင့် စီမံအုပ်ချုပ်မှု ကဏ္ဍ တို့တွင် အခြေခံအဆင့် ၊ နိုင်ငံတော်အဆင့်နှင့် နိုင်ငံဖြတ်ကျော်အဆင့်များ၌ ပူးပေါင်းပါဝင်နိုင်မှုအတွက် အကျိုးဖြစ်ထွန်းစေသော အလားအလာများ ၊ ကြုံတွေ့ရသော အခက်အခဲများ နှင့် စိန်ခေါ်များကို လေ့လာဖော်ထုတ်ထားသည်။ ဒေသတွင်း မြစ်ကြောင်းစီမံအုပ်ချုပ်မှုတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေပြီး ကိုယ်တိုင်လည်း ဘဝအတွေ့အကြုံများစွာရှိသော အမျိုးသမီးများကို အဓိကရွေးချယ်မေးမြန်းပြီး မှတ်တမ်းတင်ထားပါသည်။

ဤအစီရင်ခံစာပြုစုရန်အတွက်တွေ့ဆုံမေးမြန်းမှုများမှရရှိလာသောအချက်အလက်များသည် မြစ်ကြောင်းများတွင် မှီတင်းနေထိုင်ကြသော အမျိုးသမီးထုသည် လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများတွင် အချိုးမညီစွာ သက်ရောက်မှုရှိခြင်းသည် မှန်ကန်သေချာနေကြောင်းကို အတည်ပြု တွေ့ရှိရပါသည်။ ဤအတည်ပြုချက်ကို သိရှိလိုက်သော်လည်း မဲခေါင်ဒေသတွင်း ကျားမရေးရာနှင့် ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုတို့တွင် သုသေတန စာတမ်းပြုစုလေ့လာရန်လိုအပ်နေသေးသော ကဏ္ဍ ငါးခု ကျန်ရှိနေပါသေးသည်။ ထိုကဏ္ဍ ၅ ခုမှာ – ၁) ဂျဲန်ဒါ / ကျားမရေးရာ ပြောင်းလဲမှုနှင့် လူမှုဓလေ့ထုံးတမ်းများပြောင်းလဲမှု ၂) နိုင်ငံရေး ဂေဟဗေဒနှင့် နိုင်ငံရေးဘောဂဗေဒတို့၏ ချိတ်ဆက်မှုများကို ထည့်သွင်းစဉ်းစားခြင်း ၃) ဒေသတွင်း ရှုထောင့်အမြင်များကို ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း ၄) ရပ်ရွာလူထုအတွက် ပညာရပ်ဆိုင်ရာစွမ်းရည်မြှင့်တင်ရေးများ လုပ်ဆောင်ခြင်းဖြင့် ဒေသခံများ၏ ပိုင်ဆိုင်မှု ကဏ္ဍနှင့် ထိုပိုင်ဆိုင်မှုများကို တရားဝင် ဖြစ်အောင် အထောက်အကူပြုပေးခြင်းများ ၅) မြစ်စီမံအုပ်ချုပ်မှု ၊ ရေအရင်းအမြစ်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် အသွင်မတူသောခေါင်းဆောင်မှု စွမ်းရည်အမျိုးမျိုးကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း တို့ဖြစ်သည်။

ဤအစီရင်ခံစာတွင် အသွင်မတူသောအခွင့်အာဏာနှင့် ခေါင်းဆောင်မှုများသည် စီမံအုပ်ချုပ်မှုအဆင့် အမျိုးမျိုးတွင် မည်သို့ အပြန်အလှန်သက်ရောက်မှုရှိသည်ကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်ရန် လေ့လာဖော်ထုတ်ထားသည်။ မဲခေါင်ဒေသနှင့် အထူးသဖြင့် ရပ်ရွာအဆင့်တွင် မြစ်ကြောင်းနေ အမျိုးသမီးများသည် မြစ်များနှင့် တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းမှုနှင့် ထဲထဲဝင်ဝင် ပတ်သက်ဆက်နွယ်နေမှု ၊ ၎င်းတို့၏ တမူထူးခြားသော စွမ်းရည်နှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် တာဝန်သိတတ်မှု တို့သည် အဓိပ္ပါယ်ရှိပြီး အကျိုးများသော ပြောင်းလဲမှုများကိုဖော်ဆောင်နိုင်စွမ်းရှိကြောင်း ဖော်ထုတ် သိရှိရပါသည်။

## လေ့လာတွေ့ရှိချက်များ

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကျားမရေးရာတန်းတူညီမျှရေး အစီအမံများတွင် တိုးတက်မှုများရှိသော်လည်း လက်တွေ့တွင် အမျိုးသမီးများ၏ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းစီမံအုပ်ချုပ်မှုရေးရာများ၌ ပံ့ပိုးကူညီခြင်းများအပေါ် လူထုနှင့် နိုင်ငံရေးအရ အသိအမှတ်ပြုပေးခြင်းများသည် မူဝါဒရေးရာနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စရပ်များ လုပ်ဆောင်ပေးမည်ဟု ကတိကဝတ်ပြုချက်များနှင့် နှိုင်းယှဉ်လျှင် ကွာဟချက်များစွာရှိနေသည်။ သို့သော်လည်း အသက်မွေးဝမ်းမှုလုပ်ငန်းများကို ခြိမ်းခြောက် လာသော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ရင်ဆိုင်လာသောအခါ အမျိုးသမီးများသည် အိမ်ထောင်စီမံခန့်ခွဲမှု တာဝန်အပြင် ရေအရင်းအမြစ်စီမံအုပ်ချုပ်မှု အစီအမံများတွင် လုပ်ဆောင်နိုင်စွမ်းရှိနေကြပါသည်။ သို့သော် ထိုကောင်းမွန်သော ဦးဆောင်နိုင်မှုစွမ်းရည်များရှိနေခြင်းသည် ပုန်းလျှိုးဆဲသာ ရှိနေကြပြီး လူအများ သိရှိအောင် ထုတ်ဖော်ပြပခွင့်မရရှိကြသလို အသိအမှတ်ပြုပေးခြင်းများလည်းမရှိပါ။ ဤအစီရင်ခံစာသည် ဒေသတွင်းရှိ အမျိုးသမီးများ၏ အသံနှင့် ပါဝင်ဆောင်ရွက်နေမှုများသည် မည်ကဲ့သို့သော နည်းလမ်းများဖြင့် မထင်ရှား မျက်ကွယ်ပြုခံရခြင်းများကို ဖော်ထုတ်ထားပါသည်။

အမျိုးသမီးများသည် အစီအမံများနှင့် ရလဒ်များအပေါ်တွင် နည်းလမ်းအမျိုးမျိုးဖြင့်လွှမ်းမိုးမှု ပြုလုပ်နိုင်စွမ်း ရှိကြပြီး တခါတရံ အလွတ်သဘောလမ်းကြောင်းများဖြင့်လည်း ချဉ်းကပ်ဆောင်ရွက်နိုင်ကြပါသည်။ ဥပမာအားဖြင့် အမျိုးသမီးများသည် ၎င်းတို့၏ ရပ်ရွာလူထုအား အားလုံးရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများအကြောင်း ပညာပေးများပြုလုပ်ပြီး လက်တွေ့ဖြစ်ပေါ်နေသော လူမှုရေးရာနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများအပေါ် ပြောင်းလဲမှုများလုပ်နိုင်ပါသည်။ ရပ်ရွာလူထု၏ လက်ခံဆုပ်ကိုင်ထားသော ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထင်မြင်ယူဆချက်များကို ကြားသိအောင်ပြုလုပ်ခြင်းအားဖြင့် လူအများလက်ခံထားသော ဓလေ့ထုံးတမ်းများကိုဆန့်ကျင်ရန်မလိုပဲ တခြားသော ဆက်စပ်လုပ်ကိုင်သူများ နှင့်အတူ အမျိုးသမီးများ ရရှိလိုသော လူမှုဝန်းကျင်တွင် ပြောင်းလဲမှုတစ်ရပ်ကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်ပါသည်။

အမျိုးသမီးများသည် ရေမူဝါဒချမှတ်ရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သောကဏ္ဍတွင် ထင်ရှားသော ပါဝင်ဆောင်ရွက်သူများအဖြစ် အမြဲတွေ့ရလေ့မရှိသော်လည်း ၎င်းတို့သည် လွှမ်းမိုးနိုင်မှုစွမ်းရည်များကို ထုတ်သုံးခြင်း ၊ ရှိရင်းစွဲအင်အားကို ထုတ်သုံးပြီး ထိရောက်မှုရှိသော ဦးဆောင်မှုအသွင်ဖြင့် ပုံဖော်လျက်ရှိကြသည်။ ထိုင်း ၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့တွင် အမျိုးသမီးများ ရှေ့တန်းမှနေ၍ ရေကာတာ နှင့် အခြေခံအဆောက်အအုံ စီမံချက်များအပေါ် ဆန္ဒထုတ်ဖော်ခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်မှုပြုလုပ်ခြင်း စသည့် ထင်ရှားသော သာဓကများရှိနေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ မြစ်ဆုံရေကာတာ ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ကချင်အမျိုးသမီးများသည် အများအားဖြင့် တက်ကြွလှုပ်ရှားမှုများကို ရှေ့တန်းကနေ၍ ဦးဆောင်ခဲ့ကြပါသည်။ ၎င်းတို့သည် အမျိုးသား တက်ကြွလှုပ်ရှားသူများကို သက်ဆိုင်ရာ အာဏာပိုင်များမှ အရေးယူမှုများမှ ကင်းဝေးစေရန် ‘ဒိုင်း’ သဖွယ် ဝန်းရံကာကွယ်ပေးမှုများရှိခဲ့ပါသည်။

အလားတူစွာ အစိုးရဌာနနှင့် လူထုအခြေပြုအဖွဲ့များတွင်လည်း ထင်ရှားသော အမျိုးသမီးစွမ်းဆောင်ရှင်များ ၏ အားတက်ဖွယ်ကောင်းသော သာဓကများရှိပါသည်။ ထိုအမျိုးသမီးစွမ်းဆောင်ရှင်များသည် ၎င်းတို့ ကိုယ်တိုင်လည်း အရည်အချင်းများ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းကြသည့်အပြင် အခြားအမျိုးသမီးများ ကိုလည်း မြှင့်တင်ပံ့ပိုးပေးကြသည်။ ဤအစီရင်ခံစာတွင် မြစ်စီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်ခြင်း အားဖြင့် ရေမူဝါဒရေးဆွဲခြင်းတွင် များစွာအရေးပါလှသော ကျား-မသဘာဝ အကဲဆတ်မှုဆိုင်ရာ ပြန်လည်စိစစ်မှု အသိပညာများဖြန့်ဝေနိုင်ခြင်း၊ ဖွံ့ဖြိုးမှုအခန်းကဏ္ဍများအတွက်လည်း အကျိုးများစွာရှိခြင်း အကြောင်းကို အမြဲတစေ အများသတိထားမိအောင် သတိပေးလှုံ့ဆော်လေ့ရှိသော အမျိုးသမီးများ အခွင့်အရေးအတွက် ဦးစားပေးဆောင်ရွက်လုပ်ကိုင်နေကြသော အမျိုးသမီးများ ဦးဆောင်သည့်

အဖွဲ့အစည်း များနှင့် ကွန်ယက်များဖြစ်သည့် ဗီယက်နမ်နိုင်ငံအခြေစိုက် Center for Social Research and Development, မြန်မာနိုင်ငံအခြေစိုက် Weaving Bonds across Borders နှင့် Focus on the Global South တို့၏ ကောက်နှုတ်ချက်များကို ကိုယ်စားပြုဖော်ပြထားသည်။

အစီရင်ခံစာ၏တွေ့ရှိချက်များကို ဂျဲန်ဒါ လေ့လာသုံးသပ် သူများဖြစ်ကြသော Aruna Rao နှင့် David Kelleher တို့၏ သုံးသပ်လေ့လာမှု မူဘောင်ကိုအခြေခံ၍ ကောက်ချက်ချထားပါသည်။ ထိုမူဘောင်သည် ၁) တစ်သီးပုဂ္ဂလဆိုင်ရာ နှင့် အသင်းအဖွဲ့ဆိုင်ရာ / ဖွဲ့စည်းပုံတစ်ခု အသွင် ၊ ၂) တရားဝင်နှင့် အလွတ်သဘော ချဉ်းကပ်မှုအားဖြင့် အကြောင်းအရာ ကဏ္ဍလေးခုပေါ် အခြေခံထားပြီး လေ့လာခြင်းဖြစ်သည်။ ထိုလေးချက်မှာ ၁) အေဂျင်စီ နှင့် အသံ (ဝန်ဆောင်မှုပေးသူများ) ၂) အရင်းအမြစ်များကို လက်လှမ်းမှီရရှိနိုင်မှုနှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်နိုင်စွမ်းရှိခြင်း (လက်လှမ်းမှီရရှိ/ရယူနိုင်မှု) ၃) ဓလေ့ထုံးတမ်း နှင့် လူမှုဆိုင်ရာစံသတ်မှတ်ချက်များ ၊ ကိုးကွယ်ယုံကြည်မှုများနှင့် အစဉ်အလာများ (စံသတ်မှတ်ချက်များ) နှင့် ၄) အားလုံးလွှမ်းခြုံသော ဥပဒေရေးရာ ၊ စီးပွားရေး နှင့် အသင်းအဖွဲ့များဆိုင်ရာ အခင်းအကျင်း (ဖွဲ့စည်းတည်ဆောက်ပုံ) တို့ဖြစ်သည်။ ကဏ္ဍတစ်ပိုင်းခြင်းစီမှ ရရှိလာသော သုံးသပ်ချက် အဖြေများအရ ဤအစီရင်ခံစာတွင် အဓိက ပြစားရမည့်အချက်များနှင့် မြစ်စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်ချသည့် အပိုင်းတွင် အမျိုးသမီးများ ဦးဆောင်နိုင်မှုနှင့် ပါဝင်မှုတို့အတွက် ပံ့ပိုးလုပ်ဆောင်ပေးရန် အချက်များကို တိုက်ရိုက် ကောက်နှုတ်ချက်များနှင့် အသေးစိတ်လေ့လာမှုတို့မှ ရရှိသောအချက်အလက် များဖြင့် ဖော်ပြထားပါသည်။

## အဓိက အကြောင်းအရင်းများ နှင့် အလေးပေးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ

လေ့လာသုံးသပ်ချက်များအရ အလေးပေးဆောင်ရွက် ပေးရန်လိုအပ်သည့် ကိစ္စရပ်များကို အောက်တွင် ဖော်ပြ ထားပါသည်။

### အေဂျင်စီ

- ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုရန်နှင့် သူတို့၏အတွေးအမြင်များကို မျှဝေရန် အကြောင်းအမျိုးမျိုးကြောင့် အမြဲတစေ စိတ်လုံခြုံမှုမရှိနိုင်ခြင်း သို့မဟုတ် စိတ်သက်သာမှု မရှိခြင်းများ ဖြစ်နေတတ်ပါသည်။ ၎င်းတို့သည် မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့နေခြင်း – လေးစားသမှုအပေးမခံရခြင်း သို့မဟုတ် ပြောဆိုသည်များကို နားထောင်ပေးခြင်းမရှိခြင်း၊ နည်းပညာဆိုင်ရာများကို နားလည်ရန် အခက်အခဲတွေ့ခြင်း သို့မဟုတ် သူတို့နားမလည်သော ဘာသာစကားနှင့်ကြုံတွေ့နေရခြင်း၊ သို့မဟုတ် အမျိုးသမီးဖြစ်ခြင်း အမျိုးသားဖြစ်ခြင်းတို့အပေါ် လူမှုရေးရာ နှင့် ယဉ်ကျေးမှုထုံးတမ်းစံသတ်မှတ် ချက်များကြောင့် ကန့်သတ်ခံနေရခြင်း သို့မဟုတ် အင်အားအချိုးမညီသော ပတ်ဝန်းကျင်တွင် ရောက်ရှိနေခြင်းတို့ ဖြစ်နေနိုင်ပါသည်။ အမျိုးသမီးများ သည် ၎င်းတို့၏ အသံများကို လူအများသိရှိစေရန် ပိုမိုကျယ်လောင်စွာ ထုတ်ဖော်ချင်ကြပါသည်။ ခေါင်းဆောင်မှုအဆင့် သို့မဟုတ် ဩဇာအာဏာလက်ဝယ်ရှိထားသော အမျိုးသမီးများပင်လျှင် ၎င်းတို့၏ မိသားစု၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် အသက်မွေးမှု အလုပ်ရပ်ဝန်းတို့မှ ပံ့ပိုးပေးမှုနှင့် အားပေးမှု လိုအပ်ပါသည်။



INTERNATIONAL RIVERS people • water • life OXFAM MacArthur Foundation Australian Aid

- အမျိုးသမီးများအား ခေါင်းဆောင်မှုနေရာနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရာထူးနေရာများ သို့ တွန်းပို့ပေးနိုင်ရန် လိုအပ်ချက်များကို သိရှိမှတ်ယူနိုင်ရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အရပ်ဖက်လူမှုကွန်ယက်များမှ အမျိုးသမီးများ အသိပညာမြှင့်တင်ရန်နှင့် ကိုယ်တိုင် ယုံကြည်မှုရှိလာစေရန် သင်တန်းများပို့ချပေးခြင်း၊ အပြန်အလှန် လေ့လာသင်ယူနိုင်သော ကွင်းဆင်းလေ့လာရေးများ စီစဉ်ပေးခြင်း၊ ပတ်သက်ဆက်နွှယ်သူအားလုံးပါဝင်သော အတွေ့ အကြုံအခြေပြုသုသေတနစမ်းစစ်မှုလုပ်ငန်းများ (ဥပမာ–ThaiBann) ကိုဖော်ဆောင်ပေးခြင်းဖြင့် ပံ့ပိုးပေးနိုင်ပါသည်။ ရပ်ရွာလူထု ဦးဆောင်သော သုသေတန၊ ဗဟုသုတမျှဝေဖော်ထုတ်မှုနှင့် အမျိုးသမီးအခွင့်အရေး ဦးစားပေး လုပ်ဆောင်ပြီး ပတ်သတ်ဆက်နွှယ်သူအားလုံးပါဝင်သော စနစ်ကျသောသုသေတနချဉ်းကပ်နည်းများ သည် အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ နှင့် ဦးဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းများ လုပ်ဆောင်ရာတွင် အကျိုးဖြစ်ထွန်းစေပါသည်။

## လက်လှမ်းမှီရရှိ/ရယူနိုင်မှု

- အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားဗဟုသုတများ သည် သိပ္ပံနည်းကျကျလေ့လာထားသော သုတေသနနှင့် လက်တွေ့မျက်မြင်ကိုအခြေခံသော ဗဟုသုတများ နှင့် တိုက်ရိုက်ပေါင်းစပ်၍ အံဝင်ဂွင်ကျမဖြစ်နိုင်ပါ။ ဌာနေတိုင်းရင်းသား ဗဟုသုတများသည် တန်ဖိုးလျော့ချခံရခြင်း သို့မဟုတ် ဥပဒေနှင့် မူဝါဒရှုထောင့်မှကြည့်လျှင် တရားမဝင်သော ဓလေ့ထုံးတမ်းများအရသာ သိရှိမှုဖြစ်နေ ခြင်းနှင့် လက်တွေ့ကျင့်သုံးနေသော လုပ်ရပ်သာဖြစ်သည်ဟု သတ်မှတ်သည်။ ထို့ကြောင့် အပြန် အလှန် ဆွေးနွေးမှုပြုလုပ်ခြင်းနှင့် သုတေသနများပြုစုခြင်းများကို မူဝါဒရေးရာနှင့် ပညာရေး ရပ်ဝန်း နှစ်ရပ်စလုံးမှ အလုံးစုံပါဝင်သော ဗဟုသုတများရှာဖွေဖော်ထုတ် ရန်လိုအပ်ပါသည်။

- အမျိုးသမီးများ၏ လိုအပ်ချက်များကို သိရှိမှသာ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ ၎င်းတို့၏အသံ၊ သဘောထားများကိုနားထောင်ရန်နှင့် ကြားသိရန်ရန်မှာ အရေးကြီး သည်။ စီမံကိန်းများသည် အမျိုးသမီးများ မည်သို့သောအထောက်အပံ့မျိုး လိုအပ်မှုရှိနေသည်၊ မည်သို့သော အရည်အချင်းများကို တိုးတက်အောင်လုပ်ဖို့ ဆန္ဒရှိနေသည်၊ အစိုးရဆီမှ မည်သို့သော ပံ့ပိုးမှုများ လိုအပ်နေသည်၊ ကျွမ်းကျင်မှုအသစ်များနှင့် အကူညီပေးမှုများကို မည်သို့ရရှိချင်သည် များကို တိုက်ရိုက် မေးမြန်းရပါမည်။

## သတ်မှတ်ချက် စံနှုန်းများ

- ရေနှင့်ပတ်သတ်သော အသိပညာ၊ တစ်သီးပုဂ္ဂလအခွင့်အရေးများနှင့် သဘာဝအရင်းအမြစ်များနှင့် ပတ်သတ် ဆက်နွှယ်နေသော ကျားမတန်းတူရေးဆိုင်ရာ ဗဟုသုတများကို အစောအလျင် (အခြေခံ) ပညာရေးအဆင့်မှစပြီး လူလားမြောက်တဲ့အထိဆက်တိုက် လုပ်ဆောင်ရမည်ဖြစ်သည်။ ကျား–မ ဝိသေသကင်းသော တန်းတူညီမျှကို အမျိုးသားကြီးစိုးသောလူမှုစနစ် အကန့်အသတ်များကြားတွင် အကောင်အထည်ပေါ်ပေါက်လာရန်အတွက် ကာလရှည်ကြာ ကြိုးပမ်းအားထုတ်ရန် လိုအပ်မည် ဖြစ်သည်။ ထိရောက်မှုရှိသော အားထုတ်ကြိုးပမ်းမှုများဖြစ်လာစေရန် အချိန်နှင့် အရင်းအမြစ်များ လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် မျိုးဆက်သစ်များသည် လူမှုရေးရာ နှင့် ယဉ်ကျေးမှု စံနှုန်းများကို နောင်တချိန်တွင်အပြောင်းအလဲ လုပ်နိုင်ချေရှိသောကြောင့် သူတို့သည်လည်း တန်းတူ ညီမျှမှုရှိသော မြစ်နှင့်ရေအရင်းအမြစ် စီမံရေးရာများတွင် အသိပညာရှိပြီး ပတ်သက်ဆောင်ရွက်မှု ရှိနေရန် လိုအပ်သည်။

- အမျိုးသမီးများဦးဆောင်ပြီး ၎င်းတို့၏ သဘောထားများကို ကြားသိနိုင်စေရန် ယန္တရားများနှင့် ပလက်ဖောင်းစသည်တို့ကို ရှာဖွေဖော်ထုတ်ပြီး ဆန်းသစ်မှုများပြုလုပ်ပေးရန် အရေးကြီးသည်။ ဤနည်းဖြင့် လုပ်ဆောင်ရာတွင်လည်း အမျိုးသမီးများအနေအား ဝန်ထုပ်ဝန်ပိုးမရှိစေရန် ဖိအားကင်းရှင်းစေသောနည်းလမ်းများသာဖြစ်ရပါမည်။ အမျိုးသမီးများသည် တာဝန်များစွာကို ထမ်းဆောင်နေကြရသည်။ ဥပမာ – မိသားစု၏ကျန်းမာသုခရရှိရေး၊ နေထိုင်ရာပတ်ဝန်းကျင်တွင် အချင်းချင်း သင့်မြတ်စွာနေထိုင်ကြစေရန်အတွက် ထိန်းသိမ်းကြခြင်းနှင့် အိမ်ထောင်စုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေခြင်းတို့ဖြစ်သည်။ ဦးဆောင်မှုနှင့်ပတ်သတ်သော တာဝန်ဝတ္တရားများ – အစည်းအဝေးများတွင် တက်ရောက်ပါဝင်ခြင်းသည် သူတို့၏ တခြားလုပ်ဆောင်ရန်ရှိသော တာဝန်များနှင့်အချိန် တိုက်ဆိုင်လာသောအခါ အမျိုးသမီးများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေ ပါသည်။ ထို့အပြင် အမျိုးသမီးများ အငြင်းပွားဖွယ်ဖြစ်သော အကြောင်းအရာများကို ထုတ်ဖော်ပြောဆိုခြင်းမှ ဖြစ်ပေါ်လာသောစိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများသည်လည်း ၎င်းတို့ကို ဝန်ပိစေပါသည်။

## ဖွဲ့စည်းတည်ဆောက်ပုံ

- ကျား မ တန်းတူရေး ရရှိရန် ရေးရှု၍ ဖွဲ့စည်း တည်ဆောက်မှုပုံစံဖြင့် မူဝါဒရေးရာများ ၊ အစီအစဉ်များ၊ အသင်းအဖွဲ့များဖြင့် လုပ်ဆောင်ခြင်းများကို ဆက်လက်လုပ်ဆောင်သင့်ပါသည်။ သို့သော်လည်း ဤ ချဉ်းကပ်နည်းများ (ဥပမာ – ကျား–မရေးရာ သုံးသပ်စမ်းစစ်မှုများ ၊ ကျား–မရေးရာရှုထောင့်ကို လုပ်ဆောင်မှုတိုင်းတွင် ထည့်သွင်းစဉ်းစားခြင်း)ကို ကျင့်သုံးရုံမျှဖြင့် ဆုံးဖြတ်ချက်ပြုလုပ်ခြင်း ကိစ္စများတွင် တန်းတူညီမျှသောပါဝင်မှုရှိလာမည်ဟု တစ်ထစ်ချမပြောနိုင်ပါ။ ကျား–မသဘာဝ အကဲဆတ်မှုဆိုင်ရာများကို လုပ်ဆောင်ရာတွင် အမှန်ခြစ် အမှတ်အသားပြု လေ့ကျင့်ခန်းများသာ အလုပ်သဘောအရပြုလုပ်ပြီး သုံးသပ်ခြင်းများမှ ရှောင်ကြဉ်နိုင်ရန် ကျားမ သဘာဝအကဲဆတ်မှု ဆိုင်ရာများကို စီမံကိန်းအစီအစဉ်၏ ဒီဇိုင်းရေးဆွဲပြုစုသည့်အဆင့်၊ အကောင်အထည်ဖော်သည့် အဆင့် စသည်ဖြင့် အဆင့်တစ်ခုတိုင်းတွင် သေချာထည့်သွင်းထားရမည်။ ထိုသို့ သေချာစွာ လုပ်ဆောင်ခြင်းဖြင့် လိုအပ်သော အရင်းအမြစ်များအား သက်ဆိုင်ရာပါဝင်ပတ်သက်သူများကို စနစ်တကျ ခွဲဝေလုပ်ဆောင်နိုင်ခြင်း နှင့် အားလုံးပါဝင်မှုကိုပို၍ အားကောင်းစေပါသည်။

- ရည်ရွယ်လုပ်ဆောင်ချက်များတွင် အလွှာစုံမှ နိုင်ငံရေးခေါင်းဆောင်များကိုလည်း ကျား–မရေးရာ နှင့် အမျိုးသမီးအခွင့်အရေးများ အချင်းချင်းပေါင်းစည်းပြီး ဖော်ဆောင်ခြင်း၏ အကျိုးရလဒ်ကောင်းများ ကို သိရှိစေရန် ပညာပေးများလုပ်ဆောင်ရန်လိုအပ်ပါသည်။

ရှမ်းအမျိုးသမီး တစ်ဦးအား ရှမ်းပြည်နယ် နန့်ပန်မြစ်ပေါ်ရှိ ကျွန်းတစ်ထောင် တွင်တွေ့ရစဉ်။ နန့်ပန်မြစ်သည် သံလွင်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်ပါသည်။ ဓာတ်ပုံ – International Rivers





INTERNATIONAL RIVERS people • water • life   OXFAM   MacArthur Foundation   Australian Aid

## အမျိုးသမီး ခေါင်းဆောင်မှုဖော်ဆောင်ရန်အတွက် အဓိကသော့ချက်များ

ဤအစီရင်ခံစာတွင် အမျိုးသမီးတစ်ယောက် ခေါင်းဆောင်မှုနေရာရရှိစေရန် အထောက်အပံ့ဖြစ်စေသော အဓိကကျသောယူဆချက်များကို မီးမောင်းထိုးဖော်ပြထားသည်။

*၁) ကိုယ်ပိုင်ဗီဇ* – ပြတ်သားရဲရင့်သော သဘောသဘာဝရှိခြင်း၊ မြစ်နှင့် ၎င်းနှင့်ပတ်သတ်ဆက်နွယ်သော အရင်းအမြစ်များအပေါ် ချစ်မြတ်နိုးတန်ဖိုးထားမှုရှိခြင်း။

*၂) မရှိမဖြစ်လိုအပ်ချက်* – ကြီးမား သော ခြိမ်းခြောက်မှု သို့မဟုတ် အန္တရာယ်ကျရောက်နိုင်မှုအပေါ် သဘောထား အမြင်များ (ဥပမာ– အကြီးစားဆည်မြောင်းသွယ်စနစ် နှင့် ရေကာတာ တည်ဆောက်မှု)

*၃) အသိပညာဗဟုသုတ* – အမျိုးသမီးများ လက်လှမ်းမှီသော အသိပညာဗဟုသုတများကို ဖန်တီးခြင်း နှင့် မျှဝေခြင်း နှင့်/ သို့မဟုတ် အမျိုးသမီးများနှင့် ၎င်းတို့ ရပ်ရွာလူထု၏ စွမ်းရည်များ မြှင့်တင်ပြီး သဘောထားများကို လှုံ့ဆော်ပြောကြားနိုင်သော စနစ်တစ်ခုကိုဖန်တီးပေးခြင်း။

*၄) ကွန်ယက် နည်းလမ်းဖြင့် ပံ့ပိုးခြင်း* – ရှိနေပြီးသော တရားဝင် နှင့် အလွတ်သဘောကွန်ယက်များမှ အမျိုးသမီး ခေါင်းဆောင်မှုကဏ္ဍများတွက် ကူညီခြင်း။

*၅) အောင်ဂျင်စီ* – အမျိုးသမီးများ စိတ်မလုံခြုံမှုနှင့် မိမိ၏လုပ်ကိုင်နိုင်စွမ်းများအပေါ် သံသယဖြစ်ခြင်းများကို ကျော်လွှားနိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်စွာရှိရေးများအတွက် အိမ်ထောင်စု၊ လူ့အဖွဲ့ အစည်းနှင့် အဖွဲ့အစည်းများမှ ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးနိုင်သည်။

ဤအစီရင်ခံစာသည် စီမံအုပ်ချုပ်မှုနှင့် ပတ်သတ်ပြီးအဓိက ကြုံတွေ့နေရသော စိန်ခေါ်မှုများ ဖြစ်သော ‘နှုတ်ဆိတ်နေခြင်းကို တိုက်ဖျက်ခြင်း’ဆိုင်ရာ ပြဿနာများကိုလည်း ဖော်ထုတ်ထားသည်။ ဥပမာ အမျိုးသမီးများသည် အချို့သောအစိုးရရာထူးတာဝန်တစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်း တစ်ခုတွင် ရာထူးနေရာတစ်ခုကို လက်ခံလုပ်ကိုင်သောအခါ ၎င်းတို့၏ အထက်လူကြီး၊ အလုပ်ရှင်များမှ ပူးတွဲလုပ်ဆောင်ရန် အခွင့်အရေးရှိလင့်ကစား အသက်အပိုင်းအခြားတစ်ခု ကန့်သတ်၍ နေရာပေးခြင်းများကြောင့် အမျိုးသမီးများ အခွင့်အရေးများ လက်လွတ်ဆုံးရှုံး နေရသည်။ အကျိုးဆက်အားဖြင့် အမျိုးသမီးများ၏ ကိုယ်ပိုင်အစွမ်းအစများ ထုတ်ဖော် လုပ်ဆောင်ခွင့်နှင့် ဦးဆောင်နိုင်မှုများကို ရဲရဲဝင့်ဝင့်လှုံ့ဆော်ပြောဆိုရေးများကို ကန့်သတ်ထားသော အနေအထားများကို ဖြစ်စေသည်။

ထိုနည်းတူစွာ ဖော်ပြပါ အချက်ငါးချက်ကို အမျိုးသမီးများ ဦးဆောင်နိုင်မှုရရှိနိုင်ရန် အမျိုးသားကြီးစိုးသော စံသတ်မှတ်ချက်များကို ဖိဆန်၍ထည့်သွင်းရန်မှာ စိန်ခေါ်မှုတရပ် ဖြစ်သော်လည်း ထို အချက် ငါးချက်သည် အမျိုးသမီးများ အသံကို လှုံ့ဆော်ကြားသိရန်အတွက် ဆောင်ရွက်ရန်လိုအပ်သော အကြောင်းအရာများဖြစ်သည်။ ထိုအကြောင်းအရာများကို အမှန်တကယ် ဖော်ဆောင်ပါက အမျိုးသမီးခေါင်းဆောင်မှုများ အောင်မြင်ဖြစ်ထွန်းရန်လည်း မျှော်လင့်နိုင်သည်။



ကရင်အမျိုးသမီးတစ်ဦးအား သံလွင်မြစ်ပေါ်တွင် အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနေ့၌ တွေ့ရစဉ်။ ဓာတ်ပုံ – International Rivers

## နိဂုံးချုပ်ကောက်နုတ်ချက်များ

အမျိုးသမီးများသည် တီထွင်ဆန်းသစ်သော ခြေလှမ်းများဖြင့် ၎င်းတို့၏ အသံ၊ သဘောထားအမြင်များ၊ လွှမ်းမိုးနိုင်မှုနှင့် ဦးဆောင်မှုစွမ်းရည်များအတွက် အားထုတ်နေကြပါသည်။ ဤခိုင်မာသော အထောက်အထားများသည် အမျိုးသမီးများ အင်အားရှိကြောင်းကို သက်သေပြနေပြီး ၎င်းတို့သည် ဒေသတွင်း ပိုမိုကောင်းမွန်သောမြစ်စီမံအုပ်ချုပ်မှုဖော်ဆောင်နိုင်ရန် အတူတကွ ပူးပေါင်းတွဲဖက်လုပ်ဆောင်နိုင်သည်။

အမျိုးသမီးတစ်ဦး ခေါင်းဆောင်မှုနေရာတစ်ခုကို ရောက်သောအခါ သူ၏နောက်ကွယ်တွင် တူညီသော ရည်ရွယ်ချက်ဖြင့် အကျိုးပြုဆောင်ရွက်နေသည့် စည်းလုံးညီညွတ်သော အမျိုးသမီးကွန်ရက်တစ်ခုရှိပြီး ထိုတွန်းအားပေးမောင်းနှင်အားဖြင့် ဦးဆောင်ဦးရွက်ပြုသော အမျိုးသမီး၏ လုပ်ဆောင်မှုများအား အသိအမှတ်ပြုရာရောက်ပြီး ဦးဆောင်မှုပြုရာတွင် ရဲရဲဝင့်ဝင့်ဖြင့် လုပ်ကိုင်ရန် တွန်းအားများဖြစ်စေပါသည်။ ထိုအကျိုးများကြောင့် ခေါင်းဆောင်နေရာတွင်ရောက်ရှိနေသော အမျိုးသမီး၏ ကိုယ်ပိုင်အရည်အချင်းများ ကို ပိုမိုထုတ်ဖော်နိုင်ပြီး လုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် ဆောင်ရွက်မှုပြုနိုင်ပါသည်။

**စာတမ်းပြုစုရေးသားသူများ** – Karen Delfau and Pichamon Yeophantong
**ကူညီပံ့ပိုးသူများ** – Oxfam, John D. and Catherine T. MacArthur Foundation and the Australian Government
**မသက်ဆိုင်ကြောင်းရှင်းလင်းချက်** – ဤအစီအရင်ခံစာတွင် ဖော်ပြပါရှိသော အတွေးအမြင်များသည် အစီအရင်ခံစာဖြစ်မြောက်ရေးအတွက် ငွေကြေးဖြင့် ပံ့ပိုးကူညီခဲ့ ကြသော Oxfam, John D. and Catherine T. MacArthur Foundation နှင့် ဩစတြေးလျအစိုးရ၏ အတွေးအမြင်တစ်စုံတစ်ရာကို ထင်ဟပ်ခြင်းမရှိပါ။